**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**

**အကောက်ခွန်ဦးစီးဌာန**

**လျှောက်လွှာခေါ်ယူခြင်း**

**၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်**

**(၁၃၈၃ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက်)**

၁။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အလုပ်သင် ဒုတိယအကောက်ခွန်မှူး (လစာနှုန်း ကျပ် ၁၉၈,၀၀၀-၂၀၀၀-၂၀၈,၀၀၀) ရာထူး ကျား(၄၀)ဦး၊ မ(၂၅)ဦး၊ စုစုပေါင်း (၆၅)ဦး နေရာအတွက် လျှောက်လွှာ ခေါ်ယူခြင်းဖြစ်သည်။

၂။ ဌာနကူးပြောင်းလျှောက်ထားခြင်းကို လက်ခံမည် မဟုတ်ပါ။

၃။ အထက်ဖော်ပြပါရာထူးနေရာများအတွက် လျှောက်ထားသူသည်-

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) ၃၀-၁၀ -၂၀၂၁ ရက်နေ့တွင် ရိုးရိုးဘွဲ့ရရှိသူများသည် အသက် (၂၈) နှစ် ထက် မကျော်လွန်ရ၊ မဟာဘွဲ့ရရှိသူများသည် အသက် (၃၀) နှစ် ထက် မကျော်လွန်ရ။

(ဂ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

(ဃ) အမျိုးသားများအတွက် အနည်းဆုံး အရပ် ၅' ၅" နှင့် ကိုယ်အလေးချိန် ပေါင် ၁၁၀ ရှိရမည်။

(င) အမျိုးသမီးများအတွက် အနည်းဆုံး အရပ် ၅' ၂" နှင့် ကိုယ်အလေးချိန် ပေါင် ၉၀ ရှိရမည်။

(စ) ရေကူးတတ်မြောက်ရမည်။

(ဆ) ကွန်ပျူတာ ကျွမ်းကျင်စွာ အသုံးပြုနိုင်သူ ဖြစ်ရမည်။

(ဇ) အောက်ပါ ဘွဲ့/ မဟာဘွဲ့ရရှိသူများ လျှောက်ထားနိုင်သည်-

(၁) ဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ) B.A (English) ၊ မဟာဝိဇ္ဇာဘွဲ့ (အင်္ဂလိပ်စာ) M.A (English)

(၂) လုပ်ငန်းသုံးအင်္ဂလိပ်စာဘွဲ့ B.A (EPP)

(၃) နိုင်ငံခြားဘာသာစကားတက္ကသိုလ် UFL (English, Thai, Japan, Korea, China, French, Russia)

(၄) ဥပဒေဘွဲ့ (LL.B) ၊ မဟာဥပဒေဘွဲ့ (LL.M)

(၅) စီးပွားရေးပညာဘွဲ့ B.Com ၊ B.Econ (Stats) ၊ B.Econ (Eco) ၊ B.Arts
စီးပွားရေးပညာမဟာဘွဲ့ M.Com ၊ M.Econ (Stats) ၊ M.Econ (Eco)

(၆) ကွန်ပျူတာသိပ္ပံဘွဲ့ (B.C.Sc) ၊ မဟာကွန်ပျူတာသိပ္ပံဘွဲ့ (M.C.Sc) ၊ ကွန်ပျူတာနည်းပညာဘွဲ့ (B.C.Tech) ၊ မဟာကွန်ပျူတာနည်းပညာဘွဲ့ (M.C.Tech)

(၇) သိပ္ပံဘွဲ့ (ရူပဗေဒ) B.Sc (Phys) ၊ မဟာသိပ္ပံဘွဲ့ (ရူပဗေဒ) M.Sc (Phys)

(၈) သိပ္ပံဘွဲ့ (ဓါတုဗေဒ) B.Sc (Chem) ၊ မဟာသိပ္ပံဘွဲ့ (ဓါတုဗေဒ) M.Sc (Chem)

(၉) သိပ္ပံဘွဲ့ (သင်္ချာ) B.Sc (Maths) ၊ မဟာသိပ္ပံဘွဲ့ (သင်္ချာ) M.Sc (Maths)

(၁၀) သိပ္ပံဘွဲ့(ရုက္ခဗေဒ) B.Sc (Botany) ၊ မဟာသိပ္ပံဘွဲ့ (ရုက္ခဗေဒ) M.Sc (Botany)

(၁၁) သိပ္ပံဘွဲ့ (ဘူမိဗေဒ) B.Sc (Geology)၊ မဟာသိပ္ပံဘွဲ့ (ဘူမိဗေဒ) M.Sc (Geology)

(၁၂) သိပ္ပံဘွဲ့ (ကုန်ထုတ်ဓါတုဗေဒ) B.Sc (IC) ၊ မဟာသိပ္ပံဘွဲ့ (ကုန်ထုတ်ဓါတုဗေဒ) M.Sc (IC)

(၁၃) အင်ဂျင်နီယာဘွဲ့ (ချည်မျှင်နှင့် အထည်) B.E (Textile) ၊ မဟာအင်ဂျင်နီယာဘွဲ့ (ချည်မျှင်နှင့် အထည်) M.E (Textile)

(၁၄) အင်ဂျင်နီယာဘွဲ့ (စက်မှုအီလက်ထရောနစ်) B.E (Mechatronic)၊ မဟာအင်ဂျင်နီယာဘွဲ့ (စက်မှုအီလက်ထရောနစ်) M.E (Mechatronic)

(၁၅) အင်ဂျင်နီယာဘွဲ့ (စက်မှုစွမ်းအား) B.E (Mechanical)၊ မဟာအင်ဂျင်နီယာဘွဲ့ (စက်မှုစွမ်းအား) M.E (Mechanical)

(၁၆) အင်ဂျင်နီယာဘွဲ့ (မြို့ပြ) B.E (Civil)၊ မဟာအင်ဂျင်နီယာဘွဲ့ (မြို့ပြ) M.E (Civil)

(၁၇) အင်ဂျင်နီယာဘွဲ့(သုတနည်းပညာ) B.E (IT)၊ မဟာအင်ဂျင်နီယာဘွဲ့ (သုတနည်းပညာ) M.E (IT)

(၁၈) နိုင်ငံတကာဆက်ဆံရေးပညာဘွဲ့ B.A (IR) ၊ နိုင်ငံတကာဆက်ဆံရေးပညာမဟာဘွဲ့ M.A (IR)

၄။ လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်း အထောက်အထားများ ပါရှိရမည်–

(က) ကိုယ်ရေးလျှောက်လွှာ

(ခ ) ကိုယ်ရေးရာဇဝင်အကျဉ်းချုပ်

(ဂ ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ် မူရင်း/ မိတ္တူ

(ဃ) နိုင်ငံသားစိစစ်ရေးကတ်ပြား မူရင်း/မိတ္တူ

(င) ပညာအရည်အချင်းအတွက် ဘွဲ့/ မဟာဘွဲ့လက်မှတ် မူရင်း/ မိတ္တူ

(စ) (၂) လ အတွင်း ရိုက်ထားသော ပတ်စ်ပို့အရွယ် (၁.၂” x ၁.၄”) ဓါတ်ပုံ နှစ်ပုံ (ဓါတ်ပုံကျောဘက်တွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးအမှတ်ရေးသားရန်။)

(ဆ) ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာ ရဲစခန်း၏ ထောက်ခံချက်

(ဇ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူး ထောက်ခံချက်

(ဈ) အလုပ်သမားမှတ်ပုံတင်ကတ်ပြား မူရင်း/ မိတ္တူ (သက်တမ်းတိုးပြီး)

၅။ လျှောက်ထားသူသည် အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတ ဘာသာရပ်များကို ရေးဖြေစာမေးပွဲ ဖြေဆိုရမည်ဖြစ်၍ ရေးဖြေအောင်မြင်သူများကို ရေကူးစစ်ဆေးခြင်း၊ ကွန်ပျူတာနှင့် လူတွေ့စစ်ဆေးခြင်းများ ဆောင်ရွက်သွားမည် ဖြစ်သည်။

၆။ ရေးဖြေစာမေးပွဲကျင်းပပြုလုပ်မည့် ရက်စွဲ၊ အချိန်၊ နေရာနှင့် စာမေးပွဲဖြေဆိုရန်အတွက် ဖြေဆိုခွင့် ရရှိသူအမည်စာရင်း၊ ခုံအမှတ်တို့ကို အမှတ်(၁၃၂)၊ ကမ်းနားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ **အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်)** ရှေ့ ကြော်ငြာသင်ပုန်း၊ အမှတ် (၂၀၅/၂၁၁)၊ ၄၉လမ်း နှင့် လမ်း၅၀ကြား မဟာဗန္ဓုလလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ (**အကောက်ခွန်သင်တန်းကျောင်း)** ကြော်ငြာသင်ပုန်း နှင့် အကောက်ခွန်ဦးစီးဌာန၏ Website ဖြစ်သော www.customs.gov.mm နှင့် www.maccs.gov.mm ၊ Facebook Page (MACCS) တို့တွင် ကြေညာပေးသွားမည်ဖြစ်သည်။

၇။ ဖြေဆိုခွင့်ရရှိသူများသည် စာမေးပွဲလာရောက်ဖြေဆိုပါက နိုင်ငံသားစိစစ်ရေးကတ်ပြား (မူရင်း) ပါရှိရမည်။

၈။ လျှောက်လွှာများအား ၂၃-၁၂-၂၀၂၁ ရက်နေ့မှ ၇-၁-၂၀၂၂ ရက်နေ့အထိ အကောက်ခွန်ဦးစီးဌာန၏ Website ဖြစ်သော www.customs.gov.mm နှင့် www.maccs.gov.mm၊ Facebook Page(MACCS) တို့တွင် Download ရယူနိုင်ပြီး လူကိုယ်တိုင် လာရောက် ရယူလိုပါက အမှတ် (၂၀၅/၂၁၁)၊ ၄၉ လမ်း နှင့် လမ်း ၅၀ ကြား မဟာဗန္ဓုလလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ **(အကောက်ခွန်သင်တန်းကျောင်း)နှင့် နီးစပ်ရာ အောက်ဖော်ပြပါ မြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံးများ** တွင် လာရောက်ထုတ်ယူနိုင်ပြီး စာမေးပွဲ ဖြေဆိုခွင့်လျှောက်လွှာများကို ၁၀-၁-၂၀၂၂ ရက်နေ့မှ ၂၈-၁-၂၀၂၂ ရက်နေ့ အထိ အစိုးရရုံးဖွင့်ရက်များတွင် **ရန်ကုန်မြို့(အကောက်ခွန် သင်တန်းကျောင်း)နှင့် နီးစပ်ရာ အောက်ဖော်ပြပါ မြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံးများ**တွင် အပိုဒ်(၄)ပါ စာရွက်စာတမ်း အထောက်အထားများနှင့် အတူ **လူကိုယ်တိုင်** လာရောက် လျှောက်ထားရမည် ဖြစ်သည်-

| စဉ် | လျှောက်ထားနိုင်သည့် မြို့နယ်ရုံးများ | ဆက်သွယ်ရန်ဖုန်းနံပါတ် |
|---|---|---|
| (က) | မြစ်ကြီးနားမြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံး | ၀၇၄-၂၅၂၃၇၆၃ |
| (ခ) | ဗန်းမော်မြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံး | ၀၇၄-၅၀၂၈၆ |
| (ဂ) | လွိုင်ကော်မြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံး | ၀၈၃-၂၂၁၁၇ |
| (ဃ) | မြဝတီမြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံး | ၀၅၈-၅၀၀၂၄ |
| (င) | ဘားအံမြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံး | ၀၅၈-၂၁၈၀၈ |
| (စ) | ဟားခါးမြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံး | ၀၇၀-၂၁၈၀၉ |
| (ဆ) | မော်လမြိုင်မြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံး | ၀၅၇-၂၀၂၁၀၆၉ |
| (ဇ) | ကျောက်ဖြူမြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံး | ၀၄၃-၄၆၀၉၈ |
| (ဈ) | စစ်တွေမြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံး | ၀၄၃-၂၀၂၀၁၉ |
| (ည) | မောင်တောမြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံး | ၀၄၃-၅၅၀၂၁ |
| (ဋ) | လားရှိုးမြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံး | ၀၈၂-၂၂၀၃၀၆၈ |

| | | |
|---|---|---|
| (ဌ) | မူဆယ်မြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံး | ၀၈၂-၅၀၅၂၄ |
| (ဍ) | တောင်ကြီးမြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံး | ၀၈၁-၂၁၂၁၁၅၈ |
| (ဎ) | ကျိုင်းတုံမြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံး | ၀၈၄-၂၁၀၀၂၈ |
| (ဏ) | တာချီလိတ်မြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံး | ၀၈၄-၅၁၀၀၅ |
| (တ) | မိုင်းဆတ်မြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံး | ၀၈၄-၆၀၁၇၃ |
| (ထ) | မုံရွာမြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံး | ၀၇၁-၂၁၁၆၁ |
| (ဒ) | တမူးမြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံး | ၀၇၃-၄၀၀၀၇ |
| (ဓ) | မြိတ်မြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံး | ၀၅၉-၄၁၀၀၂ |
| (န) | ထားဝယ်မြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံး | ၀၅၉-၂၀၂၁၂၀၃ |
| (ပ) | ကော့သောင်းမြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံး | ၀၅၉-၅၁၀၀၅ |
| (ဖ) | ပဲခူးမြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံး | ၀၂၅-၆၅၄၅၅ |
| (ဗ) | မကွေးမြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံး | ၀၆၃-၂၈၇၁၆ |
| (ဘ) | မန္တလေးမြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံး | ၀၂-၄၀၇၀၃၂၇ |
| (မ) | ပုသိမ်မြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံး | ၀၄၂-၂၁၀၀၈ |
| (ယ) | နေပြည်တော်အကောက်ခွန်ဦးစီးဌာနမှူးရုံး | ၀၆၇-၃၄၁၀၀၆၀ |

၉။ အရည်အချင်းသတ်မှတ်ချက်နှင့် မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်း အချက်အလက် မပြည့်စုံသူများနှင့် သတ်မှတ်ရက်ထက် နောက်ကျသော လျှောက်လွှာများကို လုံးဝ (လုံးဝ) ထည့်သွင်း လက်ခံစဉ်းစားမည် မဟုတ်ပါ။

၁၀။ ရွေးချယ်ခြင်းခံရပါက အလုပ်သင် ဒုတိယအကောက်ခွန်မှူး (လစာနှုန်း ကျပ် ၁၉၈,၀၀၀-၂၀၀၀-၂၀၈,၀၀၀)ရာထူးနေရာများတွင် ခန့်အပ်တာဝန် ပေးသွားမည်ဖြစ်ပြီး အကောက်ခွန်ဆိုင်ရာ ကျွမ်းကျင်မှု အခြေခံသင်တန်းသို့ တက်ရောက်ရမည်ဖြစ်သည်။ အလုပ်သင်(၁)နှစ် ပြည့်မြောက်၍ လုပ်ငန်းဆောင်ရွက်မှု ကျေနပ်ပါက ဒုတိယအကောက်ခွန်မှူး ရာထူး နေရာများတွင် ခန့်အပ်တာဝန် ပေးအပ်သွားမည် ဖြစ်သည်။

၁၁။ အကောက်ခွန်ဦးစီးဌာနတွင် အနည်းဆုံး (၁၀) နှစ် တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး နေရာဒေသ မရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်သူများ ဖြစ်ရမည်။

၁၂။ လျှောက်လွှာတွင် ဖော်ပြချက်များနှင့် အထောက်အထား စာရွက်စာတမ်းများသည် မှန်ကန်မှု မရှိကြောင်း စစ်ဆေးတွေ့ရှိရပါက ရာထူးခန့်အပ်ပြီးစေကာမူ ထုတ်ပယ်ခြင်းခံရမည်။

၁၃။ အသေးစိတ်သိရှိလိုပါက အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်)၊ စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုး တိုးတက်ရေးဌာနခွဲ၊ ဖုန်း-၀၁-၃၈၀၇၃၁ သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

အကောက်ခွန်ဦးစီးဌာန